ဟိုခဲကျေးရွာအုပ်စု၊ နောင်လျှော်ကျေးရွာ

မိုင်းကိုင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာတမ်း (၂၀၂၆-၂၀၃၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ဟိုခဲကျေးရွာအုပ်စု၊ နောင်လျှော်ကျေးရွာ၊မိုင်းကိုင်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၆၊ နိုဝင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	နောင်လျှော်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ မိုင်းကိုင်မြို့နယ်	
	နောင်လျှော်ကျေးရွာ ကျေးရွာ ရာသီခွင်ပြပြကွဒိန် မိုင်းကိုင်မြို့နယ်	
	နောင်လျှော်ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြပုံ မိုင်းကိုင်မြို့နယ်	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	
၃။	**ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	
၅။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၆။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၇။	**ပညာရေး**	
၈။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	
၉။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၁၀။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	
၁၁။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်များ	
	နောက်ဆက်တွဲ(၅)အကောင်ထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း	
	နောက်ဆက်တွဲ (၆) စီမံကိန်းအဆိုပြုလွှာ။	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှ ၂၀၂၉-၂၀၃၀ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော် လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်း များကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင်ပေးရုံသာမက နည်းပေး လမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင် ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာ သည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက် မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက် မှုအခြေပြဓာတ်စာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နောင်လျှော်ကျေးရွာ
မိုင်းကိုင်မြို့နယ်

မိုင်းကိုင်မြို့နယ်၊ဟိုခဲကျေးရွာအုပ်စု၊နောင်လျှော်ကျေးရွာ၏ သယံဇာတပြမြေပုံ

ကျေးရွာနှင့်သယံဇာတပြမြေပုံ

.....ကောင်လျှော်..... ကျေးရွာ၊ .....ဟိုခဲ.....ကျေးရွာအုပ်စု၊ မိုင်းကိုင် မြို့နယ်။



မြောက်


ရှေ့

အညွှန်း

- ကျောင်း
- ဘုရားဖူး
- လယ်ယာစိုက်ခင်းများ
- ရေဖြာပိုက်လိုင်း
- ရေကန်
- ရေတွင်းကြီး
- အာဇာနည်ကျောက်တိုင်
- ဘုရားကျောင်း

ရက်စွဲ။ ။


မိုင်းကိုင်မြို့နယ်၊ဟိုခဲကျေးရွာအုပ်စု၊နောင်လျှော်ကျေးရွာ၏ ရာသီခွင်ပြပုံ



.....ဟိုခဲ.....ကျေးရွာအုပ်စု၊ .....ကျေးရွာ၊ ရာသီခွင်ပြ ပြကွက်ဒိန်

အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု	ပူ	ပူ	မိုး၊သင်္ကြန်	မိုး၊မျှား	မိုး၊မျှား	မိုး၊မျှား	မိုး၊သင်္ကြန်	ဒွဲ၊သင်္ကြန်	ဒွဲ၊ကျ	စက္ကူ၊ခဲ	နေသင်္ကြန်ပူ	ပူ
အလုပ်အကိုင်	ပျိုး၊ကော်	ထွန်၊ပဲ	ထွန်၊ပဲ	စိုက်ပျိုး	စိုက်ပျိုး	ရိတ်	ဆီထွက်သီး	ရိတ်သိမ်း	-	-	-	-
လက်လုပ်လက်စား မိသားစုဝင်များ ရရှိမှု	မျှား	မျှား	ဖျား	ဖျား	ရွှံ့	ငါး	သင့်	ဖျား	ရွှေ	ရွှေ	ရွှေ	သင့်
အသုံးစရိတ်	မျှား	မျှား	မျှား	သင့်	သင့်	ရွှံ့	ငွေ	မျှား	ငွေ	ရွှေ	ရွှေ	ရွှေ
ချေးငွေလိုအပ်မှု	မျှား	မျှား	-	-	-	-	မျှား	မျှား	-	-	-	-
ဝမ်းစာပူလုံမှု	☺	☺	☺	☺	☺	☺	☺	☺	☺	☺	☺	☺
သောက်သုံးရေရရှိမှု	☐	☐	☐	☐	☐	☐	☐	☐	☐	☐	☐	☐
တိရစ္ဆာန်အစာရရှိမှု	၃၃	၃၃	၃၃၃	၃၃၃၃	၃၃၃၃	၃၃၃၃	၃၃၃၃	၃၃၃	၃၃၃	၃၃	၃၃	၃၃
တိရစ္ဆာန်ရောဂါကျရောက်မှု		ခွာပက်	လျှာပက်	ကျွဲခွာ၊ နွားပျောက်	-	-	-	-	-	-	-	^
ကျန်းမာရေးအခြေအနေ		~~ခွာပက်ရောဂါ~~	~~ခွာနာရောဂါ~~	နွားရောဂါ	ခွာရောဂါရှိ							
သီးနှံပိုးမွှားရောဂါကျရောက်မှု					ကြက်ပါး၊ ဆန်ခါယ	ပျောက်ပါး၊ ဆန်ခါယ						
ပွဲတော်	သင်္ကြန်ပွဲ	-	-	-	-	-	ဆီတောင်ပွဲ	ကထိန်ပွဲ	ပဒေသရာဇာဘုရားပွဲ	-	-	-
သဘာဝအန္တရာယ် ကျရောက်မှု	-	-	-	-	-	-	-	-	-	-	-	-

မိုင်းကိုင်မြို့နယ်၊ဟိုခဲကျေးရွာအုပ်စု၊နောင်လျော်ကျေးရွာ၏ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပြပုံ



မိုင်းကိုင်မြို့နယ်၊ဟိုခဲကျေးရွာအုပ်စု၊နောင်လျှော်ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စဉ်	ခရိုင်	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာ	အမည်	ရာထူး	ဖုန်းနံပါတ်	မှတ်ချက်
၁	လွိုင်လင်	မိုင်းကိုင်	ဟိုခဲ	နောင်လျှော်	လုံးညာန	ဥက္ကဋ္ဌ		
		မိုင်းကိုင်	ဟိုခဲ	နောင်လျှော်	စိုင်းစွမ်ဟန်	အဖွဲ့ဝင်		
		မိုင်းကိုင်	ဟိုခဲ	နောင်လျှော်	လုံးဝိစာရ	အဖွဲ့ဝင်		
		မိုင်းကိုင်	ဟိုခဲ	နောင်လျှော်	နန်းလူခမ်း	အဖွဲ့ဝင်		
		မိုင်းကိုင်	ဟိုခဲ	နောင်လျှော်	နန်းဆိုင်ဟန်	အဖွဲ့ဝင်		
		မိုင်းကိုင်	ဟိုခဲ	နောင်လျှော်	နန်းဌေးရီ	အဖွဲ့ဝင်	၀၉ ၆၉၄၆၂၄၉၁၉	
		မိုင်းကိုင်	ဟိုခဲ	နောင်လျှော်	စိုင်းလူ	အတွင်းရေးမှူး		

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

နောင်လျှော်ကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၊ ဟိုခဲကျေးရွာအုပ်စုအတွင်း တည်ရှိသော ကျေးရွာတစ်ရွာဖြစ်သည်။ GPS တိုင်းတာချက်အရ ကျေးရွာ၏ တည်နေရာသည် မြောက်လတ္တီတွဒ် ၂၁.၉၃၆၈၉၄ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၉၇.၅၃၉၂၁၉၁ ဒီဂရီတွင် တည်ရှိသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာတွင် လယ်မြေ ၁၅၆ ဧက၊ ယာမြေ/တောင်ယာမြေ ၁၄၈ ဧကနှင့် ဥယျာဉ်ခြံမြေ ၂၈ ဧက စုစုပေါင်း စိုက်ပျိုးမြေ ၃၃၂ ဧက ရှိသည်။ လယ်မြေနှင့် ယာမြေတို့၏ မြေဆီလွှာအရည်အသွေးမှာ သင့်တင့်ပြီး ဥယျာဉ်ခြံမြေမှာ ကောင်းမွန်သောအဆင့်ရှိသည်။ စိုက်ပျိုးရေးအတွက် ချောင်းရေကို အဓိကအသုံးပြုကာ ၁၅၆ ဧကကို ရေပေးဝေနိုင်သော်လည်း လွန်ခဲ့သော ၁၀ နှစ်နှင့် နှိုင်းယှဉ်လျှင် ရေရရှိမှု လျော့နည်းလာကြောင်း တွေ့ရှိရသည်။

သတ္တုနှင့် တွင်းထွက်သယံဇာတ၊ ကျောက်၊ သဲ၊ ကျောက်စရစ်၊ သဘာဝတိရစ္ဆာန်မျိုးစိတ်၊ မြေအောက်ရေနှင့် သစ်တောသယံဇာတများကို ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်ခြင်းမရှိကြောင်း ဖော်ပြထားသည်။ သဘာဝအပင်မျိုးစိတ်များလည်း နည်းပါးပြီး အသုံးချနိုင်မှု အကန့်အသတ်ရှိသည်။ မြေပေါ်ရေအရင်းအမြစ်ကိုသာ အဓိကအားထားနေရသဖြင့် ရေရရှိမှုကို စနစ်တကျ ထိန်းသိမ်းခြင်း၊ ရေသွင်းစနစ်များ ကောင်းမွန်စေခြင်းနှင့် ရေရှားပါးမှုလျော့နည်းရေးကို ဦးစားပေးရန် လိုအပ်သည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

နောင်လျှော်ကျေးရွာတွင် အိမ်ထောင်စု ၉၃ စုနှင့် လူဦးရေ ၄၇၂ ဦး နေထိုင်ပြီး အမျိုးသား ၁၈၉ ဦး၊ အမျိုးသမီး ၂၈၃ ဦးဖြစ်သဖြင့် အမျိုးသမီးဦးရေ ပိုမိုများပြားသည်။ အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်း အလုပ်လုပ်နိုင်သည့် လူဦးရေ ၃၂၀ ဦး (၆၇.၈%) ရှိခြင်းသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုပ်သားအင်အားအဖြစ် အသုံးချနိုင်သည့် အားသာချက်ဖြစ်သည်။ အသက် ၁၄ နှစ်အောက် ကလေးငယ်နှင့် ကျောင်းသားအရွယ် ၁၄၁ ဦး (၂၉.၉%)၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို ၁၀ ဦး (၂.၁%) ရှိသည်။

ဥစ္စာဓနအဆင့်အရ အဆင်ပြေသောအိမ်ထောင်စု ၉ စု၊ အလယ်အလတ်အဆင့် ၁၉ စု၊ မပြေလည်သောအိမ်ထောင်စု ၆၀ စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စု ၅ စု ရှိသည်။ ထို့ကြောင့် အိမ်ထောင်စုအများစုမှာ စီးပွားရေးအရ မပြေလည်သောအခြေအနေတွင် ရှိနေပြီး ဝင်ငွေတိုးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်သည်။ ဝမ်းစာဖူလုံမှုစစ်တမ်းတွင် စစ်တမ်းကောက်ယူထားသော အိမ်ထောင်စု ၂၂ စုသည် ၆ လမှ ၁၂ လအထိကာလအတွက် လုပ်အားခကြိုတင်ယူခြင်းကို ဖြေရှင်းနည်းအဖြစ် အသုံးပြုကြသည်။

ရွှေ့ပြောင်းသွားလာသူ ၁၁ ဦး (အမျိုးသား ၇ ဦး၊ အမျိုးသမီး ၄ ဦး) ရှိပြီး အိမ်ထောင်စု ၉ စုမှ ဖြစ်သည်။ အားလုံး ပြည်တွင်းသို့ အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းရှာဖွေရန် ရွှေ့ပြောင်းကြသူများဖြစ်ကာ မိသားစုထံသို့ ငွေကို လူကြုံဖြင့် ပြန်ပို့ကြသည်။ ပြန်ပို့ငွေကို မှီခိုသည့် အိမ်ထောင်စု ၉ စု၏ ဝင်ငွေအခြေအနေမှာ နိမ့်ပါးကြောင်း ဖော်ပြထားသည်။

လူငယ်များ၏ လူမှုရေး၊ ဘာသာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုမှာ သင့်တင့်ပြီး ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာတွင် ပါဝင်မှုများသည်။ သို့သော် လူငယ်များအတွက် အပန်းဖြေနေရာ၊ စာကြည့်တိုက်နှင့် ကိုယ်တိုင်လေ့လာနိုင်သည့် နေရာများ မရှိသဖြင့် လူငယ်ဖွံ့ဖြိုးရေးအတွက် သင်ယူလေ့လာရေးနှင့် အားကစားအခွင့်အလမ်းများ ဖြည့်ဆည်းပေးရန် လိုအပ်သည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့နှင့် စာသင်ကျောင်းကော်မတီ စသည့် လူထုအခြေပြုအဖွဲ့အစည်း ၅ ဖွဲ့ရှိပြီး စုစုပေါင်းအဖွဲ့ဝင် ၃၄ ဦး ပါဝင်သည်။ အဆိုပါအဖွဲ့များသည် ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေပြီး စွမ်းဆောင်နိုင်မှုမှာ သင့်တင့်သောအဆင့်ရှိသည်။

ကျေးရွာပြင်ပမှ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်း မရှိကြောင်း ဖော်ပြထားသဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကအားဖြင့် ဒေသခံအဖွဲ့အစည်းများနှင့် လူထု၏ ပူးပေါင်းပါဝင်မှုအပေါ် အခြေခံဆောင်ရွက်ရမည့် အခြေအနေဖြစ်သည်။ ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် သက်ဆိုင်ရာအဖွဲ့များ၏ စီမံကိန်းရေးဆွဲမှု၊ ငွေကြေးစီမံခန့်ခွဲမှု၊ ဝယ်ယူရေး၊ လုပ်ငန်းကြီးကြပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးစွမ်းရည်များကို မြှင့်တင်ရန် လိုအပ်သည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး အိမ်ထောင်စုအားလုံးသည် စိုက်ပျိုးရေးနှင့် ဆက်စပ်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေ ၃၃၂ ဧကအနက် လယ်မြေ ၁၅၆ ဧကတွင် စပါး၊ ယာမြေ ၁၄၈ ဧကတွင် ပြောင်းနှင့် ဥယျာဉ်ခြံမြေ ၂၈ ဧကတွင် လိမ္မော် စိုက်ပျိုးကြသည်။ တစ်ဧက ပျမ်းမျှ အထွက်နှုန်းမှာ စပါး ၆၅ တင်း၊ ပြောင်း ၁,၀၀၀ ပိဿာနှင့် လိမ္မော် ၂,၀၀၀ ပိဿာဖြစ်ပြီး အဓိကစိုက်ပျိုးကာလမှာ ဇွန်လမှ နိုဝင်ဘာလအတွင်း ဖြစ်သည်။

စိုက်ပျိုးရေအတွက် ချောင်းရေကို အဓိကအသုံးပြု၍ ၁၅၆ ဧကကို ရေပေးဝေနိုင်သော်လည်း ရေရရှိမှု လွန်ခဲ့သော ၁၀ နှစ်နှင့် နှိုင်းယှဉ်လျှင် လျော့နည်း

လာသည်။ လယ်ယာသုံးစက်ကိရိယာအနေဖြင့် တစ်ဦးချင်းပိုင် ထွန်စက် ၁ စီး၊ လက်တွန်းထွန်စက် ၂၈ စီးရှိပြီး တောင်သူ ၆၄ ဦးက လက်တွန်းထွန်စက် ငှားရမ်း အသုံးပြုကြသည်။ အခြားရိတ်သိမ်းစက်၊ ရေစုပ်စက်နှင့် ဆက်စပ်ကိရိယာများ မရှိသလောက်ဖြစ်သဖြင့် စက်မှုလယ်ယာအသုံးပြုနိုင်မှု အကန့်အသတ်ရှိသည်။

တောင်သူများ၏ အဓိကအခက်အခဲများမှာ လယ်ယာမြေတိုးချဲ့နိုင်မှုမရှိခြင်း၊ စိုက်ပျိုးရေးချေးငွေ လုံးဝမရရှိခြင်း၊ စိုက်ပျိုးရေးနည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူမရရှိခြင်းတို့ဖြစ်သည်။ ဖျက်ပိုးနှင့် သီးနှံရောဂါကျရောက်မှု အနည်းငယ်ရှိပြီး ရာသီဥတုပြောင်းလဲမှုကြောင့်လည်း ထုတ်လုပ်မှုထိခိုက်နိုင်သည်။ ထို့ကြောင့် စိုက်ပျိုးရေးနည်းပညာပေးခြင်း၊ သွင်းအားစုနှင့် ငွေကြေးအထောက်အပံ့ရရှိရေး၊ ရေအရင်းအမြစ်ထိန်းသိမ်းရေး၊ စက်ကိရိယာငှားရမ်းအသုံးပြုနိုင်ရေးနှင့် စျေးကွက်ချိတ်ဆက်ရေးတို့ကို ဆောင်ရွက်သင့်သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို အပိုဝင်ငွေရလုပ်ငန်းအဖြစ် ဆောင်ရွက်ကြပြီး အိမ်ထောင်စု ၆ စုမှ နွား ၂၁ ကောင်၊ အိမ်ထောင်စု ၃ စုမှ ကျွဲ ၈ ကောင်နှင့် အိမ်ထောင်စု ၂၀ စုမှ ကြက် ၃၀၆ ကောင် မွေးမြူထားသည်။ မွေးမြူရေးအမျိုးအစားများအနက် ကြက်မွေးမြူရေးကို အများဆုံးလုပ်ကိုင်ကြသည်။

မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် စားကျက်မြေနှင့် ရေရှားပါးခြင်း၊ မျိုးကောင်းတိရစ္ဆာန်များနှင့် အစာ၊ ဆေးဝါးကဲ့သို့သော သွင်းအားစုများ အလွယ်တကူဝယ်ယူမရခြင်း၊ ချေးငွေမရရှိခြင်း၊ နည်းပညာပံ့ပိုးမှုမရှိခြင်းနှင့် ထုတ်ကုန်များကို စျေးနှုန်းမှန်ကန်စွာ ရောင်းချရန်အခက်အခဲရှိခြင်းတို့ကို တွေ့ရှိရသည်။ ထို့အပြင် အိမ်ခြံဝင်းအတွင်း မွေးမြူရေးအတွက် နေရာလုံလောက်မှုမရှိခြင်းလည်း အဟန့်အတားဖြစ်သည်။ မွေးမြူရေးသင်တန်း၊ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှု၊ သွင်းအားစုနှင့် ချေးငွေ၊ စျေးကွက်ချိတ်ဆက်မှုတို့ကို ပံ့ပိုးရန် လိုအပ်သည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများတွင် လက်လီလက်ကား ရောင်းဝယ်ရေးလုပ်ကိုင်သူ ၄ ဦးနှင့် ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းဆိုင်ရာ အလုပ်သမား ၂ ဦး ရှိပါသည်။သည်။

အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ရေးတွင် လုပ်သားအင်အားရှားပါးခြင်း၊ စွေးကွက်အားနည်းခြင်း၊ စွေးကွက်ဆိုင်ရာအသိပညာနည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ ချေးငွေနှင့် နည်းပညာဝန်ဆောင်မှုမရရှိခြင်း၊ ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းတို့သည် အဓိကအတားအဆီးများဖြစ်သည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ အသေးစားစီးပွားရေးစတင်ရန် နည်းပညာနှင့် ငွေကြေးပံ့ပိုးမှုများ လိုအပ်သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လေ့လာတွေ့ရှိချက်အရ ကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှု လက်လှမ်းမီမှု မရှိပါ။ထိုအခြေအနေသည် တောင်သူများ၊ မွေးမြူရေးလုပ်ကိုင်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် လုပ်ငန်းအရင်းအနှီးရရှိရေးကို အခက်အခဲဖြစ်စေနိုင်သည်။ ထို့ကြောင့် သင့်လျော်သော ချေးငွေဝန်ဆောင်မှု၊ ငွေစုစနစ်နှင့် ငွေကြေးအသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဘဏ်နှင့် ငွေကြေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သင့်သည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်းလမ်းအများစုမှာ မြေသားလမ်းဖြစ်ပြီး အရည်အသွေးညံ့ဖျင်းသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည်။ မူရင်းလေ့လာချက်တွင် လမ်းများကို ပွင့်လင်းရာသီတွင်သာ အသုံးပြုနိုင်ပါသည်။ ချဉ်းကပ်လမ်းနှင့် ကုန်ထုတ်လမ်းအချို့မှာလည်း အရည်အသွေးညံ့ကာ ဘေးအန္တရာယ်ကြောင့် ပျက်စီးမှုရှိသည်။ ကျေးရွာတွင် တံတားမရှိသကဲ့သို့ မြစ်ကြောင်း၊ ပင်လယ်ရေကြောင်းနှင့် အခြားရေကြောင်းသယ်ယူပို့ဆောင်ရေးကိုလည်း အသုံးမပြုပါ။

သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ် ၈၄ စီးနှင့် မော်တော်ကား ၇ စီးရှိကြောင်း ဇယားတွင် ဖော်ပြထားသည်။ အနီးဆုံးစျေးမှာ ဟိုခဲစျေးဖြစ်ပြီး ၁ မိုင်မှ ၅ မိုင်အတွင်း၊ အကြီးစားစျေးမှာ မိုင်းကိုင်စျေးဖြစ်ပြီး ၂၁ မိုင်မှ ၃၀ မိုင်အတွင်း ကွာဝေးသည်။ ဟိုခဲစျေး၏ အခြေခံအဆောက်အဦအခြေအနေမှာ ညံ့ဖျင်းပြီး မိုင်းကိုင်စျေးမှာ အသင့်အတင့်ရှိသည်။ ထို့ကြောင့် ကျေးရွာတွင်းလမ်းနှင့် စျေးသို့ဆက်သွယ်သည့်လမ်းများ ပြုပြင်ခြင်းသည် လူမှုဝန်ဆောင်မှုနှင့် ကုန်စည်စီးဆင်းမှုအတွက် အရေးကြီးသည်။

(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

ကျေးရွာသည် မဟာဓာတ်အားလိုင်းနှင့် ဝေးကွာပြီး မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိမှုမရှိပါ။ လျှပ်စစ်မီးရရှိရေးအတွက် ဆိုလာစနစ်ကို အသုံးပြုနေသော်လည်း အိမ်ထောင်စုအများစုမှာ လျှပ်စစ်မီးအသုံးမပြုနိုင်ပါ။ ဆိုလာစနစ်အသုံးပြုသည့် အိမ်ထောင်စု ၂၄ စုနှင့် လျှပ်စစ်မီးအသုံးမပြုနိုင်သည့် အိမ်ထောင်စု ၆၉ စု ဖြစ်သည်။

(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

အိမ်ထောင်စုစာရင်းအရ ဖုန်းအသုံးပြုမှုရှိသည့် အိမ်ထောင်စု ၆၀ ရှိသော်လည်း အင်တာနက်လိုင်း လက်လှမ်းမီမှုမရှိပါ။ ထို့ကြောင့် သတင်းအချက်အလက်၊ ပညာရေး၊ ကျန်းမာရေးနှင့် စျေးကွက်သတင်းများ ရယူရာတွင် အခက်အခဲရှိနိုင်သည်။ ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံမှု တိုးတက်ရေးနှင့် ဒစ်ဂျစ်တယ်အသုံးပြုမှုဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်သည်။

၇။ ပညာရေး

ပညာရေးပြီးမြောက်မှုအချက်အလက်အရ စာမတတ်သူ ၂၂၅ ဦး (အမျိုးသား ၈၆ ဦး၊ အမျိုးသမီး ၁၃၉ ဦး) ရှိပြီး မူလတန်းအဆင့် ၁၈၉ ဦး၊ အလယ်တန်းအဆင့် ၃၅ ဦး၊ အထက်တန်းအဆင့် ၇ ဦးနှင့် တက္ကသိုလ်/ကောလိပ်အဆင့် ၆ ဦး ရှိသည်။ ပညာရေးအဆင့်မြင့်လာသည်နှင့်အမျှ အရေအတွက်လျော့နည်းလာပြီး အမျိုးသမီးစာမတတ်သူဦးရေမှာ အမျိုးသားထက် ပိုများသည်။

ကျောင်းတက်ရောက်မှုဇယားတွင် မူလတန်း ၈၃ ဦး၊ အလယ်တန်း ၃၅ ဦးနှင့် အထက်တန်း ၇ ဦး ဖြစ်သည်။ ကျေးရွာစာသင်ကျောင်းသည် မူလတန်းလွန်အဆင့်ဖြစ်ပြီး ကျေးရွာမှ ၁ မိုင်အတွင်း တည်ရှိကာ ကျောင်းသားများ ခြေလျင်သွားလာနိုင်သည်။ ကျောင်းအဆောက်အဦကြမ်းခင်းဧရိယာ ၂,၀၀၀ စတုရန်းပေရှိပြီး အမိုး၊ နံရံနှင့် အခင်းအရည်အသွေးမှာ သင့်တင့်သည်။ ကျောင်းသုံးပရိဘောဂ လုံလောက်ပြီး အိမ်သာအခြေအနေမှာ သင့်တင့်သော်လည်း ကျောင်းအာဟာရတိုက်ကျွေးမှု မရှိပါ။ အစိုးရခန့် ဆရာမ ၃ ဦးရှိပြီး ကျေးရွာခန့်ဆရာ/မ မရှိပါ။

ပညာရေးကဏ္ဍ၏ အဓိကအခက်အခဲများမှာ ဆရာ/မအင်အား မလုံလောက်ခြင်း၊ မူလတန်းကျောင်းထွက်နှုန်း မြင့်မားခြင်း၊ မသန်စွမ်းသူများအတွက် အထူးအစီအစဉ်မရှိခြင်း၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ မလုံလောက်ခြင်း၊ ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု မြင့်မားခြင်းတို့ဖြစ်သည်။ အားကစားပစ္စည်းမရှိခြင်း၊ မိဘဆရာအသင်း၏ အခန်းကဏ္ဍ အားနည်းခြင်းနှင့် ဘေးအန္တရာယ်ကြောင့် ကျောင်းအဆောက်အဦ အနည်းငယ်ပျက်စီးမှုလည်း ရှိသည်။

ထို့ကြောင့် ကျောင်းသားထောက်ပံ့ရေး၊ ကျောင်းထွက်နှုန်းလျှော့ချရေး၊ ဆရာ/မအင်အားဖြည့်တင်းရေး၊ မိဘဆရာအသင်းအားကောင်းရေးနှင့် ကျောင်းဝန်းလုံခြုံရေးတို့ကို ဦးစားပေးရန် လိုအပ်သည်။

၈။ ကျန်းမာရေး

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောသွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ တီဘီ၊ ဆီးချိုနှင့် သွေးတိုးရောဂါများ ဖြစ်ပွားမှုနည်းပါးကြောင်း ဖော်ပြထားသည်။ အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ၊ HIV/AIDS နှင့် လိင်မှတစ်ဆင့်ကူးစက်နိုင်သောရောဂါများ၊ အသည်းရောဂါ (ဘီ၊ စီ)၊ အာဟာရချို့တဲ့မှုနှင့် အခြားကူးစက်ရောဂါများကို လက်ရှိတွင် မမရှိပါ။ ရောဂါဖြစ်ပွားမှုနည်းပါးသော်လည်း ကြိုတင်ကာကွယ်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် မကူးစက်နိုင်သော ရောဂါများ ပုံမှန်စစ်ဆေးရေးကို ဆက်လက်ဆောင်ရွက်သင့်သည်။

ကာကွယ်ဆေးနှင့် အာဟာရဆိုင်ရာ ဇယားတွင် ကာကွယ်ဆေးထိုးနှံမှုအချို့ကို ဆောင်ရွက်ထားပြီး လေ့လာတွေ့ရှိချက်တွင် ကိုယ်ဝန်ဆောင်များအား မေးခိုင်ကာကွယ်ဆေး၊ ဝက်သက်ကာကွယ်ဆေးနှင့် အာဟာရမှတ်တမ်းယူမှုအစီအစဉ်များ ရှိသည်။

ကျေးလက်ကျန်းမာရေးဌာနသည် ကျေးရွာမှ ၃ မိုင်မှ ၅ မိုင်အတွင်း၊ တိုက်နယ်ဆေးရုံသည် ၅ မိုင်မှ ၁၀ မိုင်အတွင်းနှင့် မြို့နယ်ဆေးရုံသည် ၁၀ မိုင်အထက်တွင် တည်ရှိသည်။ ကျန်းမာရေးဌာနများတွင် အခန်းနှင့် ကုတင်လုံလောက်မှုရှိသော်လည်း ကျေးရွာအတွင်းနှင့် အနီးအနားတွင် ဆေးဆိုင်မရှိသဖြင့် အခြေခံဆေးဝါးရရှိရေး အခက်အခဲရှိနိုင်သည်။

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

ကျေးရွာရှိ အိမ်ထောင်စု ၉၃ စုသည် ကျေးရွာမှ လေးပုံတစ်ပုံမိုင်ခန့်ဝေးသော စိမ့်စမ်းရေထွက်မှ အသုံးပြုကြသည်။ သောက်သုံးရေအရည်အသွေးကို စနစ်တကျ စမ်းသပ်စစ်ဆေးထားခြင်းမရှိပါ။ မိုးတွင်းနှင့် ဆောင်းတွင်းတွင်သာ ရေရရှိနိုင်ပြီး နွေရာသီတွင် ရေထွက်နည်းပါးသဖြင့်ရာသီမရွေး သောက်သုံးရေဖူလုံမှု မရှိသေးပါ။ ထို့ကြောင့် ရေပိုက်သွယ်တန်းရေး၊ ရေသိုလှောင်မှုနှင့် ရေအရည်အသွေးစစ်ဆေးရေးကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်။

အိမ်သာအသုံးပြုမှုအရ အိမ်ထောင်စု ၃၃ စုသည် ရေလောင်း/ယင်လုံအိမ်သာကို အသုံးပြုပြီး ၆၀ စုသည် တွင်း/ဇလားအိမ်သာကို အသုံးပြုကြသည်။ လေ့လာတွေ့ရှိချက်တွင် ကျန်းမာသန့်ရှင်းရေးအသိပညာ နည်းပါးပြီး တွင်းအိမ်သာများကိုသာ အများစုအသုံးပြုကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ယင်လုံအိမ်သာအသုံးပြုမှု တိုးမြှင့်ရေး၊ အိမ်သာနှင့်

ပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေးရေးတို့ကို ဆောင်ရွက်ရန် လိုအပ်သည်။

၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

(က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

ဘေးအန္တရာယ်ထိခိုက်လွယ်မှုဇယားအရ သဘာဝဘေးအန္တရာယ်အမျိုးအစားအများစု၏ ထိခိုက်လွယ်မှုမှာ နိမ့်ပါးသည့်အဆင့်တွင်ရှိသည်။ လူကြောင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များတွင်လည်း အများစုမှာ နိမ့်ပါးသော်လည်း သစ်တောပြုန်းတီးမှုမှာ အလယ်အလတ်အဆင့်၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုမှာ မြင့်မားသည့်အဆင့်ရှိသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသောအိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူများနှင့် လက်လုပ်လက်စား/ကျပန်းလုပ်သားများမှာ ထိခိုက်လွယ်မှု အလယ်အလတ်ရှိသဖြင့် အရေးပေါ်အခြေအနေများတွင် ဦးစားပေးကူညီရန် လိုအပ်သည်။

(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

သဘာဝပတ်ဝန်းကျင်နှင့် ရင်းမြစ်စီမံခန့်ခွဲမှုအရ မြေဆီလွှာနှင့် အပင်မျိုးစိတ်ဆိုင်ရာ အခက်အခဲမရှိဟု ဖော်ပြထားသော်လည်း ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှုတွင် အလယ်အလတ်အဆင့် အခက်အခဲရှိပြီး ရေအရင်းအမြစ်ဆိုင်ရာ အခက်အခဲမှာနိမ့်ပါးသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် အခက်အခဲမရှိပါ။ သို့သော် သောက်သုံးရေရာသီအလိုက် မလုံလောက်မှုနှင့် ရေသွင်းရေ လျော့နည်းလာမှုတို့ကြောင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးကို အလေးထားရန် လိုအပ်သည်။

ကျေးရွာတွင် လူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်၊ မီးဘေးကာကွယ်ရေးနှင့် လုံခြုံရေးဝန်ဆောင်မှုများ လက်လှမ်းမီမှုမရှိပါ။ သို့သော် မှုခင်းဖြစ်ပွားမှု၊ ခိုးမှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အကြမ်းဖက်မှုများ မရှိကြောင်း ဒေသခံများက တင်ပြထားသည်။ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးအစီအစဉ်၊ အရေးပေါ် ဆက်သွယ်ရေး၊ မီးဘေးကာကွယ်ရေးနှင့် အန္တရာယ်ကျရောက်ချိန် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု လျှော့ချရေးတို့ကို စီစဉ်ဆောင်ရွက်သင့်သည်။

၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ၏ တက်ကြွသောပါဝင်မှုနှင့် ခေါင်းဆောင်မှု မရှိသေးသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်မှုရှိသည်။ မိန်းကလေးများနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် တိုင်ကြားမှုများ မရှိပါ။

သို့သော် အမျိုးသမီးများအတွက် သတင်းအချက်အလက်နှင့် သင်တန်းများ၊ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုများ လက်လှမ်းမီမှုမရှိသကဲ့သို့ စိုက်ပျိုးရေးနှင့် အခြားစီးပွားရေးကဏ္ဍများတွင် အမျိုးသား၊

အမျိုးသမီးတန်းတူအလုပ်အကိုင်အခွင့်အလမ်းများ မရှိပါ။ အိမ်ထောင်စုနှင့် ကျေးရွာအဆင့်ထက် ကျော်လွန်၍ အမျိုးသမီးများ၏ ဦးဆောင်လှုပ်ရှားမှုလည်း မရှိသေးပါ။ ထို့ကြောင့် အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ချမှတ်မှုတွင် ပါဝင်ခွင့်မြှင့်တင်ခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် ငွေကြေးဝန်ဆောင်မှုများ ချိတ်ဆက်ပေးခြင်း၊ တန်းတူအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်သင့်သည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (ခ) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	စို့အရွယ်	၁	၁	၂		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၈	၁၃	၂၁		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၉	၂၈	၄၇		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၈	၄၂	၇၁		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၃၀	၁၉၀	၃၂၀		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂	၈	၁၀		
စုစုပေါင်း		၁၈၉	၂၈၃	၄၇၂		
စုစုပေါင်း အိမ်ထောင်စု		၉၃				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည် မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စု ၉၃ စု ရှိပြီး စုစုပေါင်း လူဦးရေ ၄၇၂ ဦး (အမျိုးသား ၁၈၉ ဦး၊ အမျိုးသမီး ၂၈၃ ဦး)နေထိုင်ကြသဖြင့်အမျိုးသမီးဦးရေပိုမိုများပြားသည်ကိုတွေ့ရသည်။လူဦးရေအသက်အုပ်စု တွင် အသက် ၁၅ နှစ်မှ ၆၄ နှစ်အထိ အလုပ်လုပ်နိုင်သည့် အရွယ် ၃၂၀ ဦး (၆၇.၈%) ဖြင့် အများဆုံး ပါဝင်သောကြောင့် ကျေးရွာ၏ ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးစီးပွား လုပ်ငန်းများအတွက် လုပ်အားစု များစွာ ရှိနေသည်။ ထို့အပြင် ကျောင်းသားနှင့် ကလေးငယ် အရွယ် (၁၄ နှစ်အောက်) ၁၄၁ ဦး (၂၉.၉%) ရှိပြီး အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးရွယ်ကြီး အချိုးအစားမှာ ၁၀ ဦး (၂.၁%) သာ ရှိသဖြင့် မှီခိုသူ နည်းပါးပြီး ထုတ်လုပ်မှု စွမ်းအား ရှိသည့် လူဦးရေ ဖြစ်ကြောင်းတွေ့ရှိရသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၉၃	၂၃၁	၅	၂	၃		မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း						၇၉	မြင့် ☐ လတ်☑ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း						၁၆	မြင့် ☐ လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း						၂	မြင့် ☐ လတ်☐ နိမ့် ☑
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း						၄	မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား /							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၉၃	၂၃၁	၅	၂	၄		☒

မှတ်ချက်။။။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အများဆုံး လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။ အိမ်ထောင်စုအားလုံးစိုက်ပျိုးရေးလုပ်ကိုင်ကြပါသည်။ အဓိကဝင်ငွေရလုပ်ငန်းအပြင် အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း (၁၀၁) ဦး ရှိပြီး ၎င်းတို့အထဲတွင် လယ်ယာစိုက်ပျိုးရေးအလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်သူ (၇၉) ဦးဖြင့် အများဆုံးဖြစ်ကာ တိရစ္ဆာန်မွေးမြူရေးကိုယ်ပိုင်လုပ်ငန်း (၁၆) ဦး၊ လက်လီလက်ကားရောင်းဝယ်ရေး (၄) ဦးနှင့် ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံအလုပ်သမား (၂) ဦး စသည်ဖြင့် အသီးသီး လုပ်ကိုင်လျက်ရှိကြကြောင်း တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၈၀၀၀	၇၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၁၀၀၀၀	၁၀၀၀၀	၈၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	လခ စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ နေ့စားလုပ်အားခ နှုန်းထားများ ကွာခြားလျက်ရှိပြီး အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့တွင် လုပ်အားခအချက်အလက်များသိရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁၅၆	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၄၈	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂၈	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ(ကျွန်းမျှော)		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၃၂	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးမြေဧရိယာများမှာ လယ်မြေ ၁၅၆ ဧက၊ ယာမြေ/တောင်ယာမြေ ၁၄၈ ဧကနှင့် ဥယျာဉ်ခြံမြေ ၂၈ ဧက ရှိကြောင်း တွေ့ရှိရသည်။ မြေအမျိုးအစား အလိုက် စုစုပေါင်း စိုက်ပျိုးမြေဧရိယာမှာ ၃၃၂ ဧကဖြစ်ပြီး လယ်မြေနှင့် ယာမြေ/တောင်ယာ မြေများသည် အဓိကစိုက်ပျိုးမြေအမျိုးအစားများဖြစ်သည်။ မြေဆီလွှာအရည် အသွေးအနေဖြင့် လယ်မြေ နှင့် ယာမြေများမှာ သင့်တင့်သောအဆင့်ရှိပြီး ဥယျာဉ်ခြံမြေမှာ ကောင်းမွန် သောအဆင့်ရှိကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် မြေအရင်းအမြစ်များရှိပြီး မြေဆီလွှာအရည်အသွေးနှင့် မြေအသုံးချမှုကို ပိုမိုကောင်းမွန်အောင် စီမံခန့်ခွဲခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွ	များ ☐ သင့်☐ နည်း	လွယ် ☐ ခက်☐	လျော့ ☐ တိုး ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်း ကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
ကံသယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	☐ မရှိ ☑	အသုံးမပြုနိုင်ပါ ☐	အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင် များ)	များ ☐ သင့်☐ နည်း ☑မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း -
ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များမှာ သတ္တုနှင့်တွင်းထွက်သယံဇာတများ၊ ကျောက်၊ သဲ၊ ကျောက်စရစ်၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ၊ မြေအောက်ရေနှင့် သစ်တောသယံဇာတများကို သဘာဝအတိုင်း တွေ့ရှိနိုင်ခြင်းမရှိကြောင်း သိရှိရသည်။

သဘာဝအပင်မျိုးစိတ်များမှာ အနည်းငယ်သာရှိပြီး အသုံးချနိုင်မှုလည်း မရှိသလောက်ဖြစ်သည်။ သို့သော် မြေပေါ်ရေအရင်းအမြစ်များကို သင့်တင့်စွာ ရရှိနိုင်ပြီး အလွယ်တကူ အသုံးချနိုင်သည့်အပြင် လွန်ခဲ့သော (၁၀) နှစ်နှင့် နှိုင်းယှဉ်ပါက သိသာသော ပြောင်းလဲမှုမရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ကျေးရွာတွင် သဘာဝရင်းမြစ်အမျိုးအစားများ အကန့်အသတ်ရှိသော်လည်း ရရှိနိုင်သော မြေပေါ်ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းအသုံးချခြင်းသည် ကျေးရွာ၏ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါကြောင်း လေ့လာ တွေ့ရှိရသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၉	၁၉	၆၀	၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စုစုစုပေါင်း ၉၃ စုအနက် အဆင်ပြေသောအိမ်ထောင်စု ၉ စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၁၉ စု၊ မပြေလည်သောအိမ်ထောင်စု ၆၀ စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စု ၅ စု ရှိကြောင်း တွေ့ရှိရသည်။ အိမ်ထောင်စုအများစုသည် မပြေလည်သောအဆင့်တွင် ရှိနေပြီး အလွန်မပြေလည်သောအိမ်ထောင်စုများလည်း ရှိနေသဖြင့် ကျေးရွာ၏ စီးပွားရေးနှင့် လူမှုစီးပွားဘဝမှာ အခက်အခဲများရှိကြောင်း သုံးသပ်နိုင်သည်။ ထို့ကြောင့် ကျေးရွာနေပြည်သူများ၏ ဝင်ငွေတိုးတက်စေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် ဝင်ငွေနည်းပါးသော အိမ်ထောင်စုများအား ဦးစားပေးကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်း စာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု	၂၂		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၂၂

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိ အချို့အိမ်ထောင်စုများသည် အခြေခံစားဝတ်နေရေးအတွက် အလုပ်အကိုင်နှင့် လုပ်အားခဝင်ငွေအပေါ် မှီခိုနေရသဖြင့် ဝင်ငွေမတည်ငြိမ်ပါက ဝမ်းစာဖူလုံမှု ထိခိုက်နိုင်သည့် အခြေအနေရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	-	-

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောသက်ကြီးရွယ်အိုများ မသန်စွမ်းပုဂ္ဂိုလ်များ နည်းပါးပြီး သက်ဆိုင်ရာမိသားစုများမှ တာဝန်ယူသည်ကိုတွေ့ရပါသည်။

(ဂ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေး အစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ	✓			✓		
၅	တိုင်ဖုန်းမုန်တိုင်း	✓			✓		
၆	လေဆင်နှာမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓			✓		
၁၀	အအေးလှိုင်း	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း	✓			✓		
၁၃	တောမီးလောင်ခြင်း	✓			✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		
၁၆	မြေပြိုခြင်း	✓			✓		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓			✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓			✓		
၂၀	သစ်တောပြုန်းတီးခြင်း		✓		✓		
၂၁	ငှက်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ	✓			✓		
၂၅	ပြည်တွင်းပဋိပက္ခ	✓			✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်းစသည်			✓		✓	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။ မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက် ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်အိမ်ထောင်စု ၁၀၀

တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ လူကြောင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များတွင်လည်း အများစုမှာ ထိခိုက်လွယ်မှုအဆင့် နိမ့်သော်လည်း သစ်တောပြုန်းတီးမှုမှာ အလယ်အလတ်အဆင့်၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုမှာ မြင့်မားသောအဆင့်ရှိကြောင်း တွေ့ရှိရသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက် လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု		✓		✓		
၃	ဆင်းရဲသားတောင်သူ		✓		✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓			✓		
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✓		✓		
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက် လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။

လေ့လာတွေ့ရှိချက်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသောအိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူများနှင့် လက်လုပ်လက်စား၊ ကျပန်းလုပ်သားများမှာ ထိခိုက်လွယ်မှုအဆင့် အလယ်အလတ်ရှိကြောင်း တွေ့ရသည်။ အဆိုပါအုပ်စုများသည် ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်မတည်ငြိမ်ခြင်းနှင့် စီးပွားရေးအရင်းအနှီးနည်းပါးခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ်နှင့် စီးပွားရေးအခက်အခဲများကြုံတွေ့လာပါက ပိုမိုထိခိုက်နိုင်သည့် အခြေအနေရှိသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး အဖွဲ့	၁□/၂☑/၃□	၅	-	၅	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၂	ကေပကအဖွဲ့	၁□/၂□/၃☑	၄		၄	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၃	ကျေးရွာလူငယ်	၁□/၂□/၃☑	၁၁	၄	၁၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၄	ရပ်မိရပ်ဖအဖွဲ့	၁□/၂☑/၃□	၅	-	၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၅	စာသင်ကျောင်းကော်မတီ	၁□/၂☑/၃□	၃	၂	၅	ပညာရေး☑ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့နှင့် စာသင်ကျောင်းကော်မတီ စသည့် လူထုအခြေပြုအဖွဲ့အစည်း (၅) ဖွဲ့ရှိပြီး စုစုပေါင်းအဖွဲ့ဝင် ၃၄ ဦး ပါဝင်ဖွဲ့စည်းထားကြောင်း တွေ့ရှိရသည်။ အဆိုပါအဖွဲ့များသည် ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ လုံခြုံရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး အဖွဲ့အစည်းအားလုံး၏ စွမ်းဆောင်နိုင်မှုမှာ သင့်တင့်သောအဆင့်ရှိသည်။ သို့ဖြစ်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စေရန် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊ စီမံခန့်ခွဲမှုစွမ်းရည်နှင့် လူထုပါဝင်မှု တိုးတက်စေရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)**

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်)**

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)**

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏

သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ကျေးရွာပြင်ပ မှ ဖွံ့ဖြိုးရေးဆောင်ရွက်နေသာအဖွဲ့အစည်းမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	-		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၆၅	၅	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၉		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၄		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၁		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၉၃	၅	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စုအများစုသည် မြေယာပိုင်ဆိုင်မှုနည်းပါးသော ဆင်းရဲသား တောင်သူများဖြစ်ပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု ၅ စုလည်း ပါဝင်သည်။ ထို့ကြောင့်စိုက်ပျိုးမြေနည်းပါးမှုကြောင့် ထုတ်လုပ်မှုနှင့် ဝင်ငွေအကန့်အသတ်ရှိနိုင်သဖြင့် တောင်သူများ၏စိုက်ပျိုးထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ တိုးချဲ့ပေးရန်လိုအပ်ကြောင်း တွေ့ရှိရသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၈	ချောင်းရေ	၁၅၆	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☑မရှိ☐မဖြေဆိုပါ☐	လျော့☑တိုး☐ အပြောင်းအလဲမရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ချောင်းရေတစ်ခုတည်းကိုသာ အဓိကအသုံးပြု၍ စိုက်ပျိုးမြေ ၁၅၆ ဧကကို ရေပေးဝေနိုင်ကြောင်း တွေ့ရှိရသည်။ ချောင်းရေကို အသုံးပြုနိုင်သော်လည်း လွန်ခဲ့သော (၁၀) နှစ်နှင့် နှိုင်းယှဉ်ပါက ရေရရှိမှု လျော့နည်းလာကြောင်း သိရှိရသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကော	တစ်ကောအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ			
စပါး	၁၅၆	တင်း	၅၀	၈၀	၆၅	ဇွန်	နိုဝင်ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
ပြောင်း	၁၄၈	ပိဿာ	၈၀၀	၁၂၀၀	၁၀၀၀	ဇွန်	နိုဝင်ဘာ	မြင့်☑လတ်□နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
လိမ္မော်	၂၈	ပိဿာ	၁၅၀၀	၂၅၀၀	၂၀၀၀	ဇွန်	နိုဝင်ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စပါး ၁၅၆ ကော၊ ပြောင်း ၁၄၈ ကောနှင့် လိမ္မော် ၂၈ ကော စိုက်ပျိုးလျက်ရှိကြောင်း တွေ့ရှိရသည်။ တစ်ကောပျမ်းမျှအထွက်နှုန်းမှာ စပါး ၆၅ တင်း၊ ပြောင်း ၁,၀၀၀ ပိဿာနှင့် လိမ္မော် ၂,၀၀၀ ပိဿာ အသီးသီးရရှိကြသည်။ သီးနှံများကို ဇွန်လမှ နိုဝင်ဘာလအတွင်း အဓိကစိုက်ပျိုးကြပြီး သွင်းအားစုလိုအပ်ချက်၊ အမြတ်ရရှိနိုင်မှုနှင့် ထိခိုက်လွယ်မှုတို့မှာ အလယ်အလတ်အဆင့်ရှိကြောင်း တွေ့ရှိရသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်	၁	-	-	
လက်တွန်းထွန်စက်	၂၈	-	-	၆၄
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလွှဲ	-	-	-	

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
စက်				
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်		-	-	
ရေစုပ်စက်	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	-	-	-	-

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ တစ်ဦးချင်းပိုင် ထွန်စက် ၁ စီးနှင့် လက်တွန်းထွန်စက် ၂၈ စီးရှိပြီး လက်တွန်းထွန်စက်ကို ငှားရမ်းအသုံးပြုသည့် တောင်သူ ၆၄ ဦးရှိကြောင်း တွေ့ရှိရသည်။ အခြားစိုက်ပျိုးရေးသုံးစက်ကိရိယာများမှာ မရှိသလောက်ဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် စက်မှုနည်းပညာအသုံးပြုနိုင်မှု အကန့်အသတ်ရှိနေသည်။ ထို့ကြောင့် တောင်သူများ၏ လုပ်သားကုန်ကျစရိတ်နှင့် အချိန်လျှော့ချနိုင်ရန် လယ်ယာသုံးစက်ကိရိယာများ လက်လှမ်းမီစွာ အသုံးပြုနိုင်ရေးနှင့် စက်မှုလယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးဆောင်ရွက်ရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း☐ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☑**
လယ်ယာမြေအသုံးချနိုင်မှု	**အလွန်ကောင်း☐ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☑**
စိုက်ပျိုးရေအရင်းအမြစ်	**ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည်☐ရသည်☐မဖြေဆိုပါ☑**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐**
